# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးနည်းဥပဒေ


| | | |
|---|---|---|
| ၁။ | အခန်း(၁)<br>အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ | ၁ |
| ၂။ | အခန်း(၂)<br>နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်<br>သတ်မှတ်ရေးအရာရှိများ ခန့်ထားခြင်း | ၄ |
| ၃။ | အခန်း(၃)<br>နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရန်<br>အတွက်လုပ်ငန်းစာတွဲဖွင့်လှစ်ဆောင်ရွက်ခြင်း | ၉ |
| ၄။ | အခန်း(၄)<br>နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ခြင်း | ၁၁ |
| ၅။ | အခန်း(၅)<br>ပျက်စီးဆုံးရှုံးမှုတန်ဖိုးများတွက်ချက်ခြင်း၊<br>အတည်ပြုခြင်း၊ ထုတ်ပေးခြင်း | ၁၄ |
| ၆။ | အခန်း(၆)<br>အငြင်းပွားမှုများကို အရေးယူဆောင်ရွက်ခြင်း<br>ပျက်စီးဆုံးရှုံးမှုတန်ဖိုးများနှင့်ခံစားပိုင်ခွင့်တို့နှင့်<br>စပ်လျဉ်းသည့်အငြင်းပွားမှု | ၁၆ |
| ၇။ | အခန်း(၇)<br>ကုန်ကျစရိတ်ကောက်ခံခြင်းနှင့် ပေးချေခြင်း | ၁၉ |
| ၈။ | အခန်း(၈)<br>ပိုင်ဆိုင်ခွင့်စုံစမ်းမှုစာရင်းပြုစုခြင်း | ၁၉ |

၉။ အခန်း(၉)
လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံခြင်းနှင့်
လုပ်ငန်းစာတွဲပိတ်သိမ်းခြင်း ၂၁
၁၀။ အခန်း(၁၀)
ထိန်းသိမ်းစောင့်ရှောက်ခြင်း ၂၄
၁၁။ အခန်း(၁၁)
အထွေထွေ ၂၆

# နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးနည်းဥပဒေ

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၂၈၆/ ၂၀၂၁**

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ(က)အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤနည်းဥပဒေများကို နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကို ဆိုသည်။

(ခ) **ရပ်ကွက်** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်နိမိတ် အတွင်း ရပ်ကွက်အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ နယ်နိမိတ် သတ်မှတ် ဖွဲ့စည်းသည့် ဒေသကို ဆိုသည်။

(ဂ) **ကျေးရွာအုပ်စု** ဆိုသည်မှာ ကျေးရွာတစ်ရွာကို ဖြစ်စေ ကျေးရွာအများကိုစုစည်း၍ဖြစ်စေ ကျေးရွာ အုပ်စုအဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ နယ်နိမိတ်သတ်မှတ် ဖွဲ့စည်းသည့် ဒေသကို ဆိုသည်။

(ဃ) **ကျေးရွာ** ဆိုသည်မှာ သက်ဆိုင်ရာ မြို့ နယ်နိမိတ် အတွင်း ပါဝင်ခြင်းမရှိသည့် နယ်မြေတွင် ကျေးရွာ အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ နယ်နိမိတ်သတ်မှတ် ဖွဲ့စည်းသည့် ဒေသကို ဆိုသည်။

(င) **ကွင်း** ဆိုသည်မှာ မြေကိုစီမံခန့်ခွဲနိုင်ရန် မြေကွက် များကို စုစည်း၍ ကွင်းဖွဲ့တိုင်းတာထားသော နယ်နိမိတ်အပိုင်းအခြားကို ဆိုသည်။

(စ) **အကွက်** ဆိုသည်မှာ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ မြေကို စီမံခန့်ခွဲနိုင်ရန် မြေကွက်များကို စုစည်း၍ အကွက်ဖွဲ့ တိုင်းတာထားသော နယ်နိမိတ်အပိုင်း အခြားကို ဆိုသည်။

(ဆ) **ဦးပိုင်လုပ်ကွက်** ဆိုသည်မှာ ကွင်းတစ်ကွင်း သို့မဟုတ် အကွက်တစ်ကွက်အတွင်း ကျရောက်ပြီး မြေတစ်စပ်တည်း တည်ရှိလျက် ပိုင်ဆိုင်ခွင့်တစ်မျိုး တစ်စားတည်းဖြစ်၍ တစ်ဦးတည်း သို့မဟုတ် တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်သော မြေကို ဆိုသည်။

(ဇ) **မြေကွက်** ဆိုသည်မှာ ကွက်စိတ် တိုင်းတာထားပြီး၊ သီးခြားအမှတ် ရေးထိုးပေးထားသည့် အငယ်ဆုံး အစိတ်အပိုင်း ဧရိယာကို ဆိုသည်။

(ဈ) **မြေရှင်** ဆိုသည်မှာ မြေယာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများအရ အပိုင်ဂရန် သို့မဟုတ် အငှားချထားခြင်းခံရသူ၊ မြေပိုင် အခွင့် အရေးရရှိထားသူ၊ ဆိုင်ရာဆိုင်ခွင့်ကို ဥပဒေနှင့် အညီ ခံစားခွင့်ရှိသူတို့ကို ဆိုသည်။

(ည) **မြေလက်ရှိလုပ်ကိုင်နေသူ** ဆိုသည်မှာ “မြေရှင်က ဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ခန့်အပ်ထားသူ၊ မြေနှင့်စပ်လျဉ်း၍ အပ်နှံခြင်းခံရသူ၊ ငှားရမ်းခြင်း

လက်ခံသူ၊ ပေါင်နှံခြင်းလက်ခံသူကဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် မြေတွင် ဝင်ရောက်လုပ်ကိုင်သူကဖြစ်စေ၊ မြေကို လက်ရှိလုပ်ကိုင်အသုံးပြုသူကို ဆိုသည်။

(ဠ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကိုဆိုသည်။

## အခန်း(၂)

## နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများ ခန့်ထားခြင်း

၃။ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်တိုင်းတာရန် အကြောင်းကိစ္စရပ် သော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့များ၌ မြို့မြေ၊ ကျေးရွာမြေများအတွင်း ကွင်း သို့မဟုတ် အကွက်များတိုင်းတာရန် အကြောင်းကိစ္စပေါ်ပေါက်လျှင် သော်လည်းကောင်း မြေပြင်ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ဃ) ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့အရ သတ်မှတ်ချက်များနှင့်အညီ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးအောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တာဝန်ယူဆောင်ရွက်ရမည့် မြေနှင့်စပ်လျဉ်း၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ပြည်ထောင်စုနယ်မြေအတွင်း နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပရှိ တာဝန်ယူဆောင်ရွက်ရမည့် မြေနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ သဘောထားနှင့်အတူ သက်ဆိုင်ရာ ခရိုင် နှင့် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ)တို့အရ တင်ပြရာတွင် အောက်ပါအချက်များ ပူးတွဲပါရှိရမည်-

(၁) နယ်နိမိတ်များသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း တို့နှင့်စပ်လျဉ်း၍ သတ်မှတ်သည့် သို့မဟုတ် ပြင်ဆင်သည့် အမိန့်စာမိတ္တူကို ပူးတွဲ တင်ပြရမည်။

(၂) ဥပဒေအရ လုပ်ငန်းဆောင်ရွက်ရာတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စု ရန်ပုံငွေဖြင့်သော်လည်းကောင်း ကျခံသုံးစွဲ နိုင်ရေး ခန့်မှန်းတွက်ချက်မှုစာရင်းများနှင့် အတူ တင်ပြရမည်။

(ဃ) နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ တင်ပြချက်ကို လက်ခံရရှိသည့် အခါ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ် သတ်မှတ်ရေးအရာရှိများ ခန့်အပ်တာဝန်ပေးအပ် နိုင်ရေး နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြ ရမည်။

(င) နိုင်ငံတော်သမ္မတသည် နည်းဥပဒေခွဲ(ဃ)အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ဃ)ပါ သတ်မှတ်ချက်များနှင့်အညီ နယ်နိမိတ်

ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေး အရာရှိတို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

၄။ ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်မှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းတွင် ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)အရ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ ခန့်အပ်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ သဘောထားနှင့်အတူ သက်ဆိုင်ရာ ခရိုင်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြရမည်။

၅။ ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်မှအပ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းတွင် ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ဂ)အရ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ ခန့်အပ်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံ

ခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ သဘောထားနှင့်အတူ သက်ဆိုင်ရာ ခရိုင်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြရမည်။

၆။ ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်နှင့် ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့များ၌ မြို့မြေ၊ ကျေးရွာမြေကိုတိုင်းတာရန် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ ခန့်အပ်နိုင်ရေးအတွက် ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားနှင့် အတူ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တင်ပြရမည်။

၇။ နည်းဥပဒေ ၄၊ ၅ နှင့် ၆ တို့အရ တင်ပြရာတွင် အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-

(က) နယ်နိမိတ်များသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်သည့် သို့မဟုတ် ပြင်ဆင်သည့် အမိန့်စာမိတ္တူ၊

(ခ) ဥပဒေအရ လုပ်ငန်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့်သော်လည်းကောင်း၊

ပြည်ထောင်စုရန်ပုံငွေဖြင့် သော်လည်းကောင်း ကျခံသုံးစွဲနိုင်ရေး ခန့်မှန်းတွက်ချက်မှုစာရင်းများ၊

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နည်းဥပဒေ ၄၊ ၅ နှင့် ၆ တို့အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်ထံ ထောက်ခံတင်ပြရမည်။

၉။ နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်သည် နည်းဥပဒေ ၈ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ဃ)ပါ သတ်မှတ်ချက်များနှင့်အညီ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ တို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခန့်အပ်တာဝန် ပေးအပ်နိုင်သည်။

## အခန်း(၃)

## နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရန်အတွက် လုပ်ငန်းစာတွဲဖွင့်လှစ်ဆောင်ရွက်ခြင်း

၁၀။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေး အရာရှိတို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခန့်အပ်တာဝန် ပေးအပ်ပြီးနောက် တိုင်းတာပိုင်းခြားသတ်မှတ်မည့် မြေနှင့် စပ်လျဉ်း၍ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည် လုပ်ငန်းစာတွဲ

စတင်ဖွင့်လှစ်၍ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိထံ လုပ်ငန်းဆောင်ရွက်နိုင်ရန် ပေးပို့ရမည်။

၁၁။ နည်းဥပဒေ ၁၀ အရ လုပ်ငန်းစာတွဲဖွင့်လှစ်ရာတွင် အောက်ပါအချက်များပြည့်စုံစွာ ပါရှိရမည်-

(က) လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း(နေ့စဉ်မှတ်တမ်း)

(ခ) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိတို့ကို ခန့်အပ်တာဝန်ပေးအပ်သည့် အမိန့်ကြော်ငြာစာမိတ္တူ၊

(ဂ) ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်၊

(ဃ) တာဝန်ယူဆောင်ရွက်မည့် မြေနယ်နိမိတ်ပြမြေပုံ၊

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာ နယ်နိမိတ်အပိုင်းအခြားပြမြေပုံ၊ (လိုအပ်ပါက မြို့နယ်၊ ခရိုင်၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အညွှန်းပြမြေပုံများ)

(စ) နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ပြင်ဆင်သည့် အမိန့်စာမိတ္တူ၊

(ဆ) လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များအတွက် ရန်ပုံငွေခွင့်ပြုထားရှိမှုအခြေအနေ၊

## အခန်း(၄)

## နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ခြင်း

၁၂။ နည်းဥပဒေ ၁၀ အရ ပေးပို့လာသည့် လုပ်ငန်းစာတွဲကို လက်ခံရရှိပါက နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဆ)အရ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ခြင်း လုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာစာ ပုံစံ-၁ ကို လုပ်ငန်းမဆောင်ရွက်မီ ရက်ပေါင်း ၃၀ ကြိုတင်ထုတ်ပြန်ပြီး ဆောင်ရွက်မည့် ဧရိယာအတွင်းရှိ မြေနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသိရှိနိုင်စေရန် နယ်နိမိတ်သတ်မှတ်မည့် မြေနေရာနှင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့တွင် အများသိရှိအောင် ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ ပေးပို့ရမည်။

၁၃။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ဇ)အရ လုပ်ငန်းဆောင်ရွက်မည့် ကာလအတွင်း နယ်နိမိတ် အပိုင်းအခြားကိုပြသရန်၊ နယ်နိမိတ်မှတ်တိုင်များစိုက်ထူရန်၊ ပြင်ဆင်ရန်နှင့် လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးနိုင်ရေး အတွက် မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းကိုမဆို လာရောက်ရန် ဆင့်ဆိုသည့် ကြော်ငြာစာ ပုံစံ-၂ ကို လုပ်ငန်းများမဆောင်ရွက်မီ ၁၅ ရက် ကြိုတင် ထုတ်ပြန်ပြီး သက်ဆိုင်သူများထံ ဖြန့်ဝေခြင်း သို့မဟုတ်

နယ်နိမိတ်သတ်မှတ်မည့် မြေနေရာနှင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့တွင် အများ သိရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ ပေးပို့ရမည်။

၁၄။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ဂ)ပါ လုပ်ငန်းများဆောင်ရွက်ရာတွင် နယ်နိမိတ်မျဉ်းကြောင်း သို့မဟုတ် အခြားမျဉ်းကြောင်း တစ်လျှောက်ရှိ မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူတို့အား ကြိုတင်အသိပေးခြင်း၊ ညှိနှိုင်း ဆောင်ရွက်ခြင်း၊ အကူအညီရယူခြင်းတို့ကို ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးထံ အကြောင်းကြားရမည်။

၁၅။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) မြေတိုင်းတာရန်နယ်နိမိတ်များအတွက် ယာယီ နယ်နိမိတ်မှတ်တိုင်များစိုက်ထူ၍ ယင်းမှတ်တိုင် များပြမြေပုံကြမ်းဖြင့် နယ်နိမိတ်သတ်မှတ်ရေး အရာရှိထံ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ခ) နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံမှ အတည်ပြုချက် ရရှိပါက ခိုင်မာသည့်နယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်း၊

(ဂ) လမ်းများ၊ အစိုးရပိုင်မြေများ သို့မဟုတ် အများပြည်သူအကျိုးအတွက်ထားရှိသော မြေများနှင့် ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ရသောမြေများ၏ နယ်နိမိတ်များကို သေချာစွာသိရှိနိုင်ရန် လိုအပ်သည့်နေရာများ၌ နယ်နိမိတ်မှတ်တိုင်များကို သက်ဆိုင်သည့် ပုဂ္ဂိုလ်၊ အစိုးရဌာန၊ အဖွဲ့အစည်းတို့အား စိုက်ထူစေခြင်း၊

(ဃ) တာဝန်ယူ ဆောင်ရွက်ရသည့် မြေနှင့်စပ်လျဉ်း၍ မြေနယ်နိမိတ်ကို တိုင်းတာပိုင်းခြားသတ်မှတ်ပြီးနောက် မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူတို့က မိမိတို့၏ နယ်နိမိတ်အား သိရှိလို၍ နယ်နိမိတ်မှတ်တိုင်များစိုက်ထူရန် တင်ပြလာပါက လိုအပ်သည့် မြေနေရာများ၌ မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူတို့အား နယ်နိမိတ်မှတ်တိုင်များ စိုက်ထူစေခြင်း၊

၁၆။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တစ်လျှောက် စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် တည်ရှိရာနေရာများကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား မြေပြင်တွင်ပြသပြီး ယင်းမှတ်တိုင်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လွှဲပြောင်းတာဝန်ပေးအပ်သည့် အကြောင်းကြားစာ ပုံစံ-၃ နှင့် မြေတိုင်း

မှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များစာရင်း ပုံစံ-၄ တို့ကို ပေးအပ်ရမည်။

၁၇။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တစ်လျှောက် စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိန်းသိမ်းစောင့်ရှောက်ရန် မြေရှင်များနှင့် မြေလက်ရှိ လုပ်ကိုင်နေသူတို့အား သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြေတိုင်း မှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို လွှဲပြောင်းတာဝန် ပေးအပ်သည့် အကြောင်းကြားစာ ပုံစံ-၅ ဖြင့် တာဝန်ပေးအပ် ရမည်။

## အခန်း(၅)

## ပျက်စီးဆုံးရှုံးမှုတန်ဖိုးများ တွက်ချက်ခြင်း၊ အတည်ပြုခြင်း၊ ထုတ်ပေးခြင်း

၁၈။ နယ်နိမိတ်မျဉ်းကြောင်း သို့မဟုတ် အခြားမျဉ်းကြောင်း တစ်လျှောက် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရန် ခုတ်လှဲ ဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် နယ်နိမိတ် ကြပ်မတ်ရေးအရာရှိက ကြီးကြပ်ဆောင်ရွက်ရမည်။

၁၉။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ဃ)ပါ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများတွက်ချက်ရာတွင် ပျက်စီးဆုံးရှုံးမှု

တန်ဖိုးတွက်ချက်မှု ပုံစံ-၆ ဖြင့် တွက်ချက်၍ နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ တင်ပြရမည်။

၂၀။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် ပျက်စီးဆုံးရှုံးမှုတန်ဖိုးများတွက်ချက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံ အချက်အလက်၊ သဘောထားမှတ်ချက်နှင့် အကြံပြုချက်များ တရားဝင်ရယူနိုင်သည်။ သက်ဆိုင်သည့် မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို တင်ပြလာပါက ထည့်သွင်းစဉ်းစားနိုင်သည်။

၂၁။ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည် နည်းဥပဒေ ၁၉ အရ ပျက်စီးဆုံးရှုံးမှုတန်ဖိုး တင်ပြချက်ကို လက်ခံရရှိသည့်အခါ စိစစ်အတည်ပြု၍ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၂၂။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ဃ) နှင့်စပ်လျဉ်းသည့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို ပေးချေနိုင်ရေးအတွက် သက်ဆိုင်ရာ မြေတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များ ခွဲဝေချထားပေးသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေး တင်ပြရမည်။

၂၃။ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည် ပျက်စီးဆုံးရှုံးမှုတန်ဖိုးပေးချေရန် စိစစ်အတည်ပြုခြင်းခံရသောပုဂ္ဂိုလ်တို့အား ငွေလက်ခံရရှိကြောင်းပြေစာ ပုံစံ-၇ ဖြင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးချေရမည်။

## အခန်း(၆)

## အငြင်းပွားမှုများကို အရေးယူဆောင်ရွက်ခြင်း

### ပျက်စီးဆုံးရှုံးမှုတန်ဖိုးများနှင့်ခံစားပိုင်ခွင့်တို့နှင့်စပ်လျဉ်းသည့် အငြင်းပွားမှု

၂၄။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် နည်းဥပဒေ ၁၉ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှုတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ခံစားပိုင်ခွင့်အပေါ်တွင်လည်းကောင်း အငြင်းပွားမှုများ ပေါ်ပေါက်ပါက အဆုံးအဖြတ်ပေးနိုင်ရေးအတွက် စိစစ်ပြီး အထောက်အထားများ၊ သုံးသပ်ချက်နှင့် သဘောထားတို့ပါဝင်သော အစီရင်ခံစာကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ တင်ပြရမည်။

၂၅။ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည် နည်းဥပဒေ ၂၄ အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ စိစစ်၍ အဆုံးအဖြတ်ပေးရန်နှင့် အဆုံးအဖြတ်မပေးနိုင်သည့် ကိစ္စရပ်များကို နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

၂၆။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေ ၂၅ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သင့်လျော်သူတစ်ဦးကိုဖြစ်စေ၊ အဖွဲ့ကို ဖြစ်စေ တာဝန်ပေးစိစစ်စေပြီး အဆုံးအဖြတ်ပေးရန်နှင့် နည်းဥပဒေ ၂၂ အရ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ညွှန်ကြားနိုင်သည်။

၂၇။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ အပေါ် နည်းဥပဒေ ၂၅ နှင့် ၂၆ တို့အရ ဆုံးဖြတ်ပြီးနောက် ပျက်စီးဆုံးရှုံးမှုတန်ဖိုးပေးချေရန် အတည်ပြုခြင်းခံရသော ပုဂ္ဂိုလ် တို့အား ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ငွေလက်ခံရရှိကြောင်းပြေစာ ပုံစံ-၇ ဖြင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိက ပေးချေရမည်။

## မြေနယ်နိမိတ်နှင့်စပ်လျဉ်းသည့် အငြင်းပွားမှု

၂၈။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ည)အရ မြေနယ်နိမိတ်ကိုမသတ်မှတ်နိုင်လျှင် နယ်နိမိတ် သတ်မှတ်ရေးအရာရှိထံ စိစစ်တွေ့ရှိချက်အစီရင်ခံစာအား အောက်ပါအထောက်အထားများနှင့်အတူ တင်ပြရမည်-

(က) အငြင်းပွားနယ်နိမိတ်အလားအလာကို ဖော်ပြသည့် မြေပုံကြမ်း၊

(ခ) နယ်နိမိတ်အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တရားရုံးတွင် ဖြေရှင်းဆောင်ရွက်နေသည့် ကိစ္စရပ်

ဖြစ်ပါက တရားရင်ဆိုင်နေကြောင်း အထောက်အထား၊ သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်၊ အမိန့်ဒီကရီမိတ္တူများ၊

(ဂ) ကြော်ငြာစာ သို့မဟုတ် အကြောင်းကြားစာများနှင့် အခြားအထောက်အထားများ။

၂၉။ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည် နည်းဥပဒေ ၂၈ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်သူများနှင့် သက်သေများကို ခေါ်ယူစစ်ဆေးခြင်း၊ စာချုပ်စာတမ်းအထောက်အထားများတင်ပြစေခြင်း၊ လိုအပ်သလိုစစ်ဆေးပြီးနောက် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ဓ)နှင့် (ဈ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၀။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေ ၂၉ အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ သင့်လျော်သူတစ်ဦးကိုဖြစ်စေ၊ အဖွဲ့ကိုဖြစ်စေ တာဝန်ပေးစိစစ်စေ၍ အဆုံးအဖြတ်ပေးရမည်။

## ဆုံးဖြတ်ချက် အပြီးအပြတ်အတည်ဖြစ်ခြင်း

၃၁။ နည်းဥပဒေ ၂၉နှင့် ၃၀ တို့အရ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၇)

## ကုန်ကျစရိတ် ကောက်ခံခြင်းနှင့် ပေးချေခြင်း

၃၂။ နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)ပါ လုပ်ငန်းများ ဆောင်ရွက်ခြင်း ကုန်ကျစရိတ်များကို ယင်းမြေနှင့် သက်ဆိုင်သူတို့က ပေးချေရန်တာဝန်ရှိစေရမည်။

၃၃။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် စိုက်ထူပေးရသည့် နယ်နိမိတ်မှတ်တိုင်တန်ဖိုးနှင့် စိုက်ထူဆောင်ရွက်သည့် လုပ်အားခအား တွက်ချက်၍ မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူထံမှ ငွေကောက်ခံနိုင်ရေးအတွက် ငွေတောင်းခံလွှာ ပုံစံ-၈ ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ ပေးပို့ရမည်။

## အခန်း(၈)

## ပိုင်ဆိုင်ခွင့်စုံစမ်းမှုစာရင်းပြုစုခြင်း

၃၄။ ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ဃ) (ဆ)နှင့် (ဇ) တို့အရ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည် မြေနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် စုံစမ်းစစ်ဆေးရန် တာဝန်ရှိသည်။ မြေနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် စုံစမ်းစစ်ဆေးရာတွင်-

(က) မြေနှင့်စပ်လျဉ်း၍ မည်သည့်နည်းဖြင့် ပိုင်ဆိုင်သည်ကို သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ၊ ပတ်ဝန်းကျင်တွင် နေထိုင်သူများမှ ထောက်ခံ

တင်ပြသည့် အထောက်အထားများဖြင့် စစ်ဆေး ဆောင်ရွက်ရန်၊

(ခ) စစ်ဆေးရာတွင် တိုင်းတာဆောင်ရွက်ထားသည့် မြေပုံများကို အခြေခံ၍စစ်ဆေး ဆောင်ရွက်ရန်၊

(ဂ) ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ သက်ဆိုင်ရာ တရားမရုံး များတွင် အမှုရင်ဆိုင်ဖြေရှင်း ဆောင်ရွက်နေသည့် ကိစ္စရပ်များရှိပါက ပိုင်ဆိုင်ခွင့်အား မှတ်တမ်း တင်ခြင်းမပြုရန်၊

၃၅။ နည်းဥပဒေ ၃၄ အရ ပိုင်ဆိုင်ခွင့်စုံစမ်းစစ်ဆေးရန် လက်ရှိ ဖြစ်သူ၏ အမည်နှင့်တကွ မည်သို့ပိုင်ထိုက်ခွင့်ရှိကြောင်း ပုံစံ-၉ ကို ကောက်ယူပြုစုရမည်။

၃၆။ မြေပိုင်ဆိုင်ခွင့်စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း ပြီးစီးသည့် နောက် နယ်နိမိတ်သတ်မှတ်ရေးအရာရှိက ပိုင်ဆိုင်ခွင့် စုံစမ်း စစ်ဆေးသည့်စာရင်းကို အတည်ပြု၍ မြေရာစာရင်းကို ပုံစံ-၁၀ ဖြင့် ပြုစုရမည်။ ယင်းစာရင်းအရ ပြင်ဆင်ဆောင်ရွက်သော မြေပုံ နှင့် ဧရိယာစာရင်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်ရန် နယ်နိမိတ် ကြပ်မတ်ရေးအရာရှိထံ လွှဲပြောင်းတာဝန်ပေးအပ်ရမည်။

၃၇။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် နည်းဥပဒေ ၃၅နှင့် ၃၆ တို့အရ ထုတ်ထောင်သော စာရင်းနှင့်မြေပုံများကို လုပ်ငန်း စာတွဲတွင် မှတ်တမ်းတင်ထားရှိရမည့်အပြင် အမြဲတမ်းထိန်းသိမ်း

ထားနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီသို့ ပေးပို့ရမည်။

## အခန်း(၉)

## လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံခြင်းနှင့် လုပ်ငန်းစာတွဲပိတ်သိမ်းခြင်း

၃၈။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် တာဝန်ယူဆောင်ရွက်ရသည့် မြေနှင့်စပ်လျဉ်း၍ မြေနယ်နိမိတ်ကိုတိုင်းတာပိုင်းခြားသတ်မှတ်ခြင်း လုပ်ငန်းပြီးစီးပါက နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ အောက်ပါအချက်အလက်များအတိုင်း အစီရင်ခံတင်ပြရမည်-

(က) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ ခန့်အပ်တာဝန်ပေးအပ်သည့် အမိန့်ကြော်ငြာစာမိတ္တူ၊

(ခ) သတ်မှတ်စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များပြမြေပုံ၊

(ဂ) ဦးပိုင်လုပ်ကွက်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုစာရင်းပုံစံ-၁၁၊

(ဃ) နည်းဥပဒေ ၁၂နှင့် ၁၃ တို့အရ ထုတ်ဆင့်သည့် အမိန့်ကြော်ငြာစာမိတ္တူ၊

(င) အငြင်းပွားနယ်နိမိတ်နှင့်စပ်လျဉ်းသည့် စိစစ်ဆောင်ရွက်မှုမှတ်တမ်းများ၊

(စ) အခြားလိုအပ်သော အထောက်အထားများ။

၃၉။ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည်-

(က) နည်းဥပဒေ ၃၈ အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ အစီရင်ခံစာကို မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ကန့်ကွက်ငြင်းဆိုလိုလျှင် ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ငြင်းဆိုလိုသော အချက်များအား စာဖြင့် ရေးသားဖော်ပြကန့်ကွက်နိုင်ကြောင်းကို ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ ပုံစံ-၁၂ ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ကြေညာရမည်။

(ခ) ကန့်ကွက်နိုင်ရန် ကြော်ငြာစာထုတ်ဆင့်ပြီးနောက် နည်းဥပဒေ ၃၄၊ ၃၅ နှင့် ၃၆ တို့အရ မြေပိုင်ဆိုင်ခွင့်စုံစမ်းစစ်ဆေးခြင်းနှင့် မြေရာစာရင်းပြုစုခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရမည်။

(ဂ) ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်တင်ပြလာပါက လိုအပ်သည့်အချက်အလက်များကို စစ်ဆေး မေးမြန်းပြီး နယ်နိမိတ်ကြပ်မတ်ရေးအရာရှိက တင်ပြလာသည့် အစီရင်ခံစာပါ နယ်နိမိတ်အား အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဃ) ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်တင်ပြမှု မရှိသည့်ကိစ္စရပ်နှင့် အထက်နည်းဥပဒေခွဲ (ဂ) အရ အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ဆောင်ရွက် ပြီးသည့် ကိစ္စရပ်များကို မြေနယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ခြင်း လုပ်ငန်းပြီးစီးကြောင်း မှတ်တမ်းတင်ထားရှိပြီး လုပ်ငန်းစာတွဲပိတ်သိမ်း ရမည်။

(င) ရက်ပေါင်း ၃၀ ကုန်ဆုံးပြီးနောက်တွင် တင်ပြလာ သည့် ကန့်ကွက်လွှာများနှင့်စပ်လျဉ်း၍ သုံးသပ် ချက်နှင့် သဘောထားပါဝင်သော အစီရင်ခံစာကို ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(စ)အရ တင်ပြရမည်။

(စ) လုပ်ငန်းစာတွဲပိတ်သိမ်းပြီးပါက လုပ်ငန်းဆောင်ရွက် ပြီးစီးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာ ခရိုင်နှင့် နေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှတစ်ဆင့် နေပြည်တော်ကောင်စီ သို့မဟုတ်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။ ထိုသို့တင်ပြချက်ကို လက်ခံရရှိသည့် အခါ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရန် တာဝန်ပေးအပ် သူထံ ဆက်လက်တင်ပြရမည်။

၄၀။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် နည်းဥပဒေ ၃၉ နည်းဥပဒေခွဲ (င)အရ တင်ပြချက်ကိုလက်ခံရရှိသည့်အခါ သင့်လျော်သူတစ်ဦးကိုဖြစ်စေ၊ အဖွဲ့ကိုဖြစ်စေ တာဝန်ပေးစိစစ် စေ၍ အဆုံးအဖြတ်ပေးရမည်။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၀)

## ထိန်းသိမ်းစောင့်ရှောက်ခြင်း

၄၁။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးသည် ဥပဒေပုဒ်မ ၁၆ အရ ဆောင်ရွက်ရန်ကိစ္စပေါ်ပေါက် လာပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံး တင်ပြရမည်။

၄၂။ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၄၁ အရ တင်ပြချက်ကိုလက်ခံရရှိပါက ဥပဒေပုဒ်မ ၁၇ ပါ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် သင့်လျော်သည့်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၄၃။ နည်းဥပဒေ ၄၂ အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့သည် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် တစ်ခုခု ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့ကို မည်သည့်အတွက်ဖြစ်ပေါ်ကြောင်းနှင့် မည်သူ့တွင်တာဝန်ရှိကြောင်း စုံစမ်းစိစစ်၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပြန်လည်တင်ပြရမည်။

၄၄။ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၄၃ အရ တင်ပြချက်အပေါ်စိစစ်၍ မှတ်တိုင်အသစ်ကို မူလနေရာတွင် ပြန်လည်စိုက်ထူခြင်း၊ ပြင်ဆင်ခြင်းတို့အတွက် ကုန်ကျစရိတ်ငွေကျခံရမည့်သူကို သတ်မှတ်ရမည်။ ကုန်ကျစရိတ်ငွေ ကောက်ခံနိုင်ရေးအတွက် ငွေတောင်းခံလွှာ ပုံစံ-၈ ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ ပေးပို့ရမည်။

၄၅။ နည်းဥပဒေ ၄၄ ပါ ကုန်ကျစရိတ်ငွေကို ကျခံရမည့်သူကို မသတ်မှတ်နိုင်ပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ခရိုင်နှင့် နေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တစ်ဆင့်

နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ ကုန်ကျစရိတ်ငွေ ကျခံသုံးစွဲနိုင်ရေး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ညွှန်ကြား နိုင်ရန် တင်ပြဆောင်ရွက်ရမည်။

## အခန်း(၁၁)

## အထွေထွေ

၄၆။ လုပ်ငန်းများ စဉ်ဆက်မပြတ်စီမံ ဆောင်ရွက်နိုင်ရေး အတွက် ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(င)နှင့် (ည)တို့အရ နယ်နိမိတ် သတ်မှတ်ရေးအရာရှိထံ တင်ပြထားသည့် အငြင်းပွားမှုကိစ္စရပ် များကို ချန်လှပ်၍ အငြင်းပွားမှုမရှိသည့် မြေများကို ဆက်လက် တိုင်းတာဆောင်ရွက်နိုင်သည်။

၄၇။ ဥပဒေပုဒ်မ ၂၃ အရ ဆောင်ရွက်ရာတွင် ခွင့်ပြုချက် ရရှိရေးအတွက် မြေနှင့်သက်ဆိုင်သည့် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်ပေးရမည်။

၄၈။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိကဖြစ်စေ၊ နယ်နိမိတ် သတ်မှတ်ရေးအရာရှိကဖြစ်စေ ဥပဒေအရ တာဝန်ယူဆောင်ရွက် ရမည့် မြေသို့လည်းကောင်း၊ ယင်းနှင့်ဆက်စပ်သည့် မြေသို့ လည်းကောင်း လုပ်ငန်းဝင်ရောက်ဆောင်ရွက်နိုင်ရန် လိုအပ်သူများကို တာဝန်ပေးအပ်နိုင်သည်။

၄၉။ ဥပဒေပုဒ်မ ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံသို့ တရားစွဲဆိုနိုင်ရေးအတွက် တင်ပြရမည်။

၅၀။ နည်းဥပဒေ ၄၉ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်ရမည်။

၅၁။ ဥပဒေပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်ရမည်။

၅၂။ ဥပဒေပုဒ်မ ၂၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်ရမည်။

၅၃။ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည် နိုင်ငံတော်ပိုင်မြေများနှင့် အစိုးရဌာန တစ်ခုခုမှ ပိုင်ဆိုင်သောမြေများနှင့်ပတ်သက်၍ ပုဂ္ဂလိက ပိုင်ဆိုင်မှုရှိကြောင်း တောင်းဆိုခြင်းများရှိပါက မြေပုံနှင့် မှတ်ပုံစာရင်းများတွင် မှတ်တမ်းတင်ဖော်ပြခြင်းမပြုစေရန် အထူးဂရုပြုစိစစ် ဆောင်ရွက်ရမည်။

၅၄။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေး အရာရှိသည် ဥပဒေအရ ဆောင်ရွက်ရသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

၅၅။ ဤဥပဒေနှင့်အညီ ဆောင်ရွက်မည့် နယ်နိမိတ်ကြပ်မတ်ရေး အရာရှိ၊ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၊ လုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် တိုင်းတာမည့် မြေတွင် ချဉ်းနင်းဝင်ရောက်ခြင်း၊ တိုင်းတာရာတွင်မလွတ်ကင်းသည်များကို ရှင်းလင်းဖယ်ရှားခြင်း၊ သက်ဆိုင်သူများကို ဆင့်ခေါ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် မည်သူမျှတရားစွဲဆိုခွင့် မရှိ စေရ။

၅၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါက သက်ဆိုင်ရာ နယ်နိမိတ်သတ်မှတ်ရေးအရာရှိသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ တစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၁၇။ Rules Under the Burma Boundaries Act 1880(Revenue Department Notification No. 198) ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

တင်ထွန်းဦး
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စာအမှတ်၊ ၂/၀၁/၁၀၀၀(က)(၅၆၉/၂၀၂၁)
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်
ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ဤဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး | မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁)တွင် ထည့်သွင်းကြေညာပေးပါရန်။ |

အမိန့်အရ

(ကျော်မင်းဦး)

အမြဲတမ်းအတွင်းဝန်

ပုံစံ – ၁

# နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ် မည်ဖြစ်ကြောင်း ထုတ်ဆင့်သည့် အမိန့်ကြော်ငြာစာ

နေပြည်တော်/ _______________ တိုင်းဒေသကြီး/ ပြည်နယ်၊ _______________ ခရိုင်၊ _______________ မြို့နယ်၊ _______________ ရပ်ကွက်/ ကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်/ အကွက်/ ကွင်း အမှတ်_______________ မြို့/ ကျေးရွာတွင်တည်ရှိသော မြေများကို နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ခြင်းလုပ်ငန်းအား ၂၀___ ခုနှစ်၊ _________ လ _____ ရက်နေ့တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါမြေတွင် ပိုင်ဆိုင်လုပ်ကိုင်နေသူ သို့မဟုတ် တစ်စုံတစ်ရာ အကျိုးစီးပွားကို ခံစားခွင့်ရှိသူ၊ ယင်းမြေကို စီမံခန့်ခွဲအုပ်ချုပ်သူ သို့မဟုတ် ယင်းမြေနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့ သိရှိစေရန် ကြေညာလိုက်သည်။

နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ

_______________မြို့

၂၀____ ခုနှစ်၊ ____________ လ ____ ရက်

ပုံစံ - ၂

## ၂၀၂၁ ခုနှစ်၊
## နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးနည်းဥပဒေ ၁၃ အရ
## ထုတ်ဆင့်သည့် ကြော်ငြာစာ

_______________ မြို့နယ်၊ _______________

ရပ်ကွက်/ ကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်/ အကွက်/ ကွင်းအမှတ် _________________ ၊ ____________ မြို့/ ကျေးရွာတွင် တည်ရှိသောမြေများကို ပိုင်ဆိုင်လုပ်ကိုင်နေသူ သို့မဟုတ် တစ်စုံတစ်ရာ အကျိုးစီးပွားကိုခံစားခွင့်ရှိသူ၊ ယင်းမြေကို စီမံခန့်ခွဲအုပ်ချုပ်သူ သို့မဟုတ် ယင်းမြေနှင့်သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့အနေဖြင့် အဆိုပါမြေနေရာ၏ နယ်နိမိတ်အပိုင်းအခြားကိုပြသရန်၊ နယ်နိမိတ်မှတ်တိုင်များစိုက်ထူရန်၊ ပြင်ဆင်ရန်၊ လိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးနိုင်ရန် အတွက် ၂၀___ ခုနှစ်၊ ____________ လ ______ ရက်နေ့ နံနက် _________ နာရီအချိန်တွင် တာဝန်ယူ ဆောင်ရွက်မည့် မြေနေရာသို့ မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လာရောက်ကြရန် ကြေညာလိုက်သည်။

နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ

_______________မြို့

၂၀_____ ခုနှစ်၊ ____________ လ _____ ရက်

ပုံစံ - ၃

**နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးနည်းဥပဒေ ၁၆ အရ စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို လွှဲပြောင်းတာဝန်ပေးအပ်သည့် အကြောင်းကြားစာ**

______________ မြို့နယ်၊ ______________ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ဦး/ ဒေါ် ______________ အား နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ပြီးသည့် နယ်နိမိတ်တစ်လျှောက် စိုက်ထူထားသည့် ပူးတွဲပါ မြေပုံနှင့် စာရင်းများအတိုင်း မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိခိုက်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပြောင်းလဲခြင်း မရှိစေရေးအတွက် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေပုဒ်မ ၁၃ အရ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးအပ်လိုက်သည်။

နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ

______________ မြို့

၂၀____ ခုနှစ်၊ ____________ လ ____ ရက်

ပုံစံ - ၄

# မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များဆိုင်ရာ အကြောင်းအရာဖော်ပြချက်စာရင်း

| မှတ်တိုင် နံပါတ် | မှတ်တိုင်၏ မြေတိုင်းဆိုင်ရာ တန်ဖိုး (Coordinate) | မြေကွက် အမှတ် | မှတ်တိုင်၏ တည်နေရာ ဖော်ပြချက် အကြောင်းအရာ (လက်ရှိလုပ်ကိုင်သည့် မြေပေါ်တွင် ၎င်းမြေပိုင်ရှင်အမည်နှင့် ဦးပိုင်နံပါတ်ကိုလည်း ဖော်ပြရမည်။) |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

အထက်ဖော်ပြပါ မှတ်တိုင်များကို ကွင်းနိုပ်အား ပြသပြီးဖြစ်ကြောင်း၊ ကွင်းနိုပ်ကလည်း လက်ခံပြီးဖြစ်ကြောင်း လက်မှတ်ရေးထိုးပါသည်။

_______________ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး

ရက်စွဲ။ _______________

ပုံစံ – ၅

**နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးနည်းဥပဒေ ၁၇ အရ စိုက်ထူထားသည့် မြေတိုင်း မှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို လွှဲပြောင်းတာဝန်ပေးအပ်သည့် အကြောင်းကြားစာ**

သို့

ဦး/ဒေါ်________________

မြေရှင်/မြေလက်ရှိလုပ်ကိုင်နေသူ

_____________ရပ်ကွက်/ ကျေးရွာအုပ်စု

_____________မြို့နယ်

နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေအရ စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိခိုက်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပြောင်းလဲခြင်း မရှိစေရန် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေပုဒ်မ ၁၂ အရ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် အောက်ဖော်ပြပါ သက်ဆိုင်သူများအား တာဝန်ပေးအပ်ထားရှိရန် အကြောင်းကြားလိုက်သည်–

ပုံစံ(၅)အဆက်

| မှတ်တိုင် နံပါတ် | မှတ်တိုင်၏ မြေတိုင်းဆိုင်ရာ တန်ဖိုး (Coordinate) | မြေကွက် အမှတ် | မှတ်တိုင်၏ တည်နေရာ ဖော်ပြချက် အကြောင်းအရာ (လက်ရှိလုပ်ကိုင်သည့် မြေပေါ်တွင် ၎င်းမြေရှင်အမည်နှင့် ဦးပိုင်နံပါတ်ကိုလည်း ဖော်ပြရမည်။) |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |

နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ

_______________ မြို့

၂၀_____ ခုနှစ်၊ _____________ လ _____ ရက်

ပုံစံ – ၆

## သစ်ပင်၊ ပန်းပင်၊ ခြံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများကို ခုတ်လှဲ၊ ရိတ်သိမ်း၊ ဖယ်ရှားခြင်းနှင့် စပ်လျဉ်း၍ ပျက်စီးဆုံးရှုံးမှု တန်ဖိုး တွက်ချက်မှု

နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်............................ ခရိုင်...................... မြို့နယ်.................

| စဉ် | ရပ်ကွက်/ ကျေးရွာ အမည် | အကွက် အမှတ် | မြေရှင် သို့မဟုတ် မြေလက်ရှိ လုပ်ကိုင်သူ အမည် | ပျက်စီးဆုံးရှုံးမှု တန်ဖိုးတွက်ချက်မှု | | | | | | | | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သီးနှံ/အပင | | | | အဆောက်အဦ | | | | သင့်ငွေ စုစု ပေါင်း | |
| | | | | သီးနှံ /အပင် အမည် | ရေ တွက် ပုံ | ဒေသ၏ ကာလ ပေါက် ဈေး | သင့် ငွေ | အဆောက် အဦ အမျိုး အစား | အကျယ် အဝန်း (စတု ရန်းပေ) | ဒေသ၏ ကာလ ပေါက် ဈေး | သင့်ငွေ | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |

နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ

ပုံစံ-၇

# ငွေလက်ခံရရှိကြောင်းပြေစာ

______________ မြို့နယ်၊ _______________ ရပ်ကွက်/ ကျေးရွာအုပ်စု၊ ______________ ကျေးရွာနေ၊ ဦး/ ဒေါ် _________________ က အောက်ဖော်ပြပါ (---------------------------------) တို့အတွက် ပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်း ( )ကျပ် (စာဖြင့် ကျပ်တိတိ)အား ပေးချေရာ သဘောတူ ကြည်ဖြူစွာလက်ခံရရှိပါကြောင်း အောက်တွင်လက်မှတ်ရေးထိုးပါသည်။

| စဉ် | အမျိုး အမည် | အရေ အတွက် | နှုန်း | သင့်ငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| စုစု ပေါင်း | | | | | |

ရက်စွဲ။ ______________

ငွေပေးချေသူ

အမည်___________

ရာထူး____________

ငွေလက်ခံရရှိသူ

အမည်________________

မှတ်ပုံတင်အမှတ်________

အသိသက်သေ(၁)

အမည်____________

မှတ်ပုံတင်အမှတ်__________

အသိသက်သေ(၂)

အမည်_______________

မှတ်ပုံတင်အမှတ်________

ပုံစံ − ၈

# ငွေတောင်းခံလွှာ

_______________ မြို့နယ်၊ ________________

ရပ်ကွက်/ ကျေးရွာအုပ်စု၊ ____________ ကျေးရွာနေ၊ ဦး/ ဒေါ်

_____________ သည် စိုက်ထူပေးရသည့် နယ်နိမိတ်မှတ်တိုင်

တန်ဖိုးနှင့် စိုက်ထူဆောင်ရွက်သည့် လုပ်အားခကုန်ကျစရိတ်ငွေ

စုစုပေါင်း _________________ကျပ် (စာဖြင့်_______________

_________________)အား ၂၀_____ခုနှစ်၊ ______________လ၊

_________ရက်နေ့ နောက်ဆုံးထား ပေးဆောင်ရမည်။

_______________ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး

ရက်စွဲ။ _______________

ပုံစံ-၉

(မြေပိုင်ဆိုင်နည်းကို စစ်ဆေးခြင်း)

၎င်းနောက် ဆိုင်ရာအကွက်အတွင်းရှိ အရပ်ရပ်ဦးပိုင်များကို စာရင်းရေးသားပြီးလျှင် ၎င်းဦးပိုင်အသီးသီးနှင့်ယှဉ်၍ လက်ရှိဖြစ်သူ၏ အမည်နှင့်တကွ မည်သို့ပိုင်ထိုက်ခွင့်ရှိသည်များကို အောက်ပါပုံစံအတိုင်း ရေးသားဖော်ပြရမည်။

------------မြို့။-------------------အကွက်၊ နံပါတ်---------------

| ဦးပိုင်နံပါတ် | တည်ဆဲဥပဒေနှင့်အညီ ရရှိထားသည့် မြေရှင်အမည်နှင့် နေရပ် | ဇယားကွက် ၂ တွင် ရေးမှတ်ပါရှိသူ၏ ပိုင်ထိုက်ခွင့် မျိုးမည်။ | အကြောင်းအရာ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

နယ်နိမိတ်သတ်မှတ်ရေးအရာရှိ

ပုံစံ–၁၀

# မြို့မြေရာစာရင်းပုံစံ

| ဦးပိုင်နံပါတ် | မြေတိုင်း မြေကွက် | | တည်ဆဲဥပဒေနှင့်အညီ ရရှိထားသည့် မြေရှင်အမည်နှင့်နေရပ်။ | ဇယားကွက် ၄တွင် ရေးမှတ်ပါရှိသူ၏ ပိုင်ထိုက်ခွင့်မျိုးမည် | အကြောင်းအရာ | ဇယားကွက်တွင် ရေးမှတ်သည့်နေ့စွဲ | စာရင်းရေးသားသူ တာဝန်ခံ အရာရှိ လက်မှတ်တို |
|---|---|---|---|---|---|---|---|
| | နံပါတ်။ | ဧရိယာ | | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

နယ်နိမိတ်သတ်မှတ်ရေးအရာရှိ

ပုံစံ – ၁၁

ဦးပိုင်လုပ်ကွက်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုစာရင်း

တိုင်းဒေသကြီး/ ပြည်နယ်………………....  ခရိုင်……………………..

မြို့နယ်………………………..

ရပ်ကွက်/ ကျေးရွာ……………………….. ကွင်း/ အကွက် အမှတ်/ အမည်………………………..

| စဉ် | ဦးပိုင်အမှတ် | မြေကွက်အမှတ် | လက်ရှိအသုံးပြုသူ/ နေထိုင်သူ | မြေတိုင်းမှတ်တိုင်ပေါင်း | ကုန်ကျစရိတ် | ကုန်ကျစရိတ်ရရှိမှုအခြေအနေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |

နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ

________________မြို့

၂၀____ ခုနှစ်၊ ____________ လ ____ ရက်

ပုံစံ – ၁၂

## ၂၀၂၁ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး နည်းဥပဒေ ၃၉။ နည်းဥပဒေခွဲ (က) အရ ထုတ်ဆင့်သည့် ကြော်ငြာစာ

_______________ မြို့နယ်၊ _______________ ရပ်ကွက်/ ကျေးရွာအုပ်စု၊ ___________________ အကွက်/ ကွင်း အတွင်းရှိ ______________ မြို့/ ကျေးရွာတွင် တည်ရှိသောမြေများကို ပိုင်ဆိုင်လုပ်ကိုင်နေသူ သို့မဟုတ် တစ်စုံတစ်ရာအကျိုးစီးပွားကို ခံစားခွင့်ရှိသူ၊ ယင်းမြေကိုစီမံခန့်ခွဲအုပ်ချုပ်သူ သို့မဟုတ် ၎င်းနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့အနေဖြင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိအစီရင်ခံစာနှင့်တကွ ၎င်းအစီရင်ခံစာတွင် ဖော်ပြပါရှိသည်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ရုံးပိတ်ရက်များမှအပ ရုံးချိန်အတွင်း လာရောက်ကြည့်ရှုရန်၊ မည်သူမဆို နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ အစီရင်ခံစာကို သဘောမတူကန့်ကွက်လိုလျှင် ကြော်ငြာသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်လိုသည့်အချက်များ ရေးသားတင်သွင်းရန်နှင့် ကန့်ကွက်လွှာတင်ပြခြင်း မရှိပါက နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ သတ်မှတ်သည့် နယ်နိမိတ်များအတိုင်း အတည်ပြု၍ သတ်မှတ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

နယ်နိမိတ်သတ်မှတ်ရေးအရာရှိ

______________ မြို့

၂၀____ ခုနှစ်၊ ____________ လ ____ ရက်